## သစ်ရွက်စုဆောင်းကောက်ယူသိမ်းခြင်းကို အောက်တိုဘာလ ၃၀ရက်နေ့မှ စတင်မည်ဖြစ်သည်။

အောက်တိုဘာလ၃၀ရက်နေ့မှစတင်၍ဖို့ဝိန်းလမ်းဌာနသည်မြို့တော်ရှိရပ်ကွက်ပေါင်း၄၀၀ကျော်တွင်သစ်ရွက်များကိုစုဆောင်းကောက်ယူသိမ်းမည်ဖြစ်သည်။ယခုနှစ်တွင်သစ်ရွက်ကောက်ယူသိမ်းခြင်းကိုဒီဇင်ဘာ၁၅ရက်အထိလုပ်ဆောင်မည်ဖြစ်သော်လည်းရာသီဥတုအခြေအနေသို့မဟုတ်သီးသန့်ဧရိယာရှိသစ်ရွက်များ၏ပမာဏအရစီစဉ်ထားသည့်အချိန်ဇယားအတိုင်းအနည်းငယ်ပြောင်းလဲကောင်းပြောင်းလဲသွားစေနိုင်ပါသည်။အချိန်ဇယားတွင်အပြောင်းအလဲရှိပါကနေထိုင်သူများအားအသိပေးရန်နှင့်အချိန်နှင့်တစ်ပြေးညီသစ်ရွက်ကောက်သိမ်းစုဆောင်းခြင်းဆိုင်ရာသတင်းအချက်အလက်များကိုများကိုညနေ၃း၀၀မတိုင်မီနေ့စဉ် cityoffortwayne.org/leaves websiteတွင်တင်ပြသွားပါမည်။ နေ့စဉ်သတင်းများဖေါ် ပြရာတွင်နောက်တစ်နေ့အလုပ်လုပ်မည့်ဝန်ထမ်းများနှင့်ရပ်ကွက်များပါဝင်သည်။သစ်ရွက်လိုက်လံကောက်ယူခြင်းလုပ်ငန်းစဉ်အတွက်စုစည်းမြေပုံနှင့်လမ်းညွှန်ချက်များကိုဝဘ်စာမျက်နှာပေါ်တွင်လည်းထားရှိမည်ဖြစ်သည်။ထို့အပြင်၊ရပ်ကွက်ရှိနေထိုင်သူများသည်၂၆၀-၄၂၇-၂၃၀၂သို့ခေါ်ဆို၍နေ့စဉ်မှတ်တမ်းများကို နားထောင်ရန် ရွေးချယ်ခွင့်ရှိသည်။

## ၂၀၂၃ ဖို့ဒ့်ဝိန်း သစ်ရွက်ခြောက် ကောက်ယူ မည့် အချိန်ဇယား

- မြောက်ပိုင်းရှိရပ်ကွက်များ၊ အောက်တိုဘာ ၃၀ – နိုဝင်ဘာ ၃ နှင့် နိုဝင်ဘာ ၂၇ – ဒီဇင်ဘာ ၁ အထိ။
- အလယ်ဗဟိုရှိရပ်ကွက်များ၊ နိုဝင်ဘာ ၆ ရက်မှ နိုဝင်ဘာ ၉ ရက်နှင့် ဒီဇင်ဘာ ၄ ရက်မှ ဒီဇင်ဘာ ၈ ရက်အထိ။
- တောင်ပိုင်းရှိရပ်ကွက်များ၊ နိုဝင်ဘာ ၁၃ ရက်မှ နိုဝင်ဘာ ၁၇ ရက်နှင့် ဒီဇင်ဘာ ၁၁ ရက်မှ ဒီဇင်ဘာ ၁၅ ရက်အထိ။

နိုဝင်ဘာလ ၁၀ရက်နေ့တွင် စစ်ပြန်များနေ့ သို့မဟုတ် ကျေးဇူးတော်နေ့ အားလပ်ရက်အတွက် နိုဝင်ဘာလ ၂၃ ရက်နေ့မှ ၂၄ ရက်နေ့အထိ သစ်ရွက်ခြောက်လိုက်လံကောက်ယူသိမ်းခြင်း မပြုပါ။

ရက်သတ္တပတ်၏ပထမနေ့တွင်သစ်ရွက်ကောက်အဖွဲ့သားများသည်သင့်နေထိုင်ရာဧရိယာသို့ရောက်ရှိသောအခါသစ်ရွက်များကိုစုစည်းကာခြံထောင့်သို့စုပုံထားပေးပါ။ရပ်ကွက်ရှိနေထိုင်သူများသည်သစ်ရွက်ခြောက်များကိုလမ်းပေါ်၌မဟုတ်ဘဲလူကြီးမင်းတို့အိမ်ရှေ့ရှိလမ်းဘေးပလက်ဖေါင်း သို့မဟုတ်ခြံထောင့်အကွာအဝေးတစ်နေရာတွင်စုစည်းထားရှိပြီးသစ်ရွက်ခြောက်လိုက်လံကောက်ရက်မည့်သတ္တပတ်တွင်တနင်္လာနေ့နံနက်၇:၀၀နာရီတွင်သစ်ရွက်များလာယူသည့်နေရာတွင် ရှိသင့်သည်။

**လမ်းညွှန်စုစည်းချက်များ။**

- ❖ ရက်သတ္တပတ်၏ပထမနေ့တွင်သစ်ရွက်ကောက်အဖွဲ့သားများသည်သင့်နေထိုင်ရာဧရိယာသို့ရောက်ရှိသောအခါ သစ်ရွက်များ ကိုစုစည်းကာ ခြံထောင့်သို့စုပုံထားပေးပါ။
- ❖ သစ်ရွက်များကို သင့်အမှိုက်ပုံး သို့မဟုတ် ပြန်လည်အသုံးပြုသည့် တွန်းလှည်းထဲတွင် မထည့်ပါနှင့်။ သစ်ရွက်များကို မီးမရှို့ပါနှင့်။ ၎င်းသည် မြို့တော်ကျင့်ထုံးဥပဒေကို ချိုးဖောက်ရာရောက်ပြီး ဒဏ်ငွေဆောင်ပေးဆောင်ရပါမည်။
- ❖ သစ်ရွက်တွေကို လမ်းမပေါ်မှာ မထားခဲ့ပါနှင့်။
- ❖ သစ်ရွက်များ ကို ရေတလျှောက်ရေမြောင်း ကျသော နေရာတွင် မထားပါနှင့်။ မိဘများအနေဖြင့် မိမိကလေးငယ်များအားဘေးကင်းစေရန်လမ်းအနီးရှိသစ်ရွက်ပုံများတွင်မကစားရန်နှင့် ကားသမားများကိုကူညီရန် သတိပေးသင့်သည်။

သစ်ရွက်များစုဆောင်းရာတွင်အဆင်ပြေပြေသဘာဝပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေစွာရှိလိုသူများသည်မြေထဲသို့ပျော်ဝင်ပြီးဇီဝချေဖျက်နိုင်သောအိတ်စနစ်ကိုအသုံးပြုနိုင်ပါသည်။
သစ်ရွက်များထည့်ထားသောအိတ်များကိုရပ်ကွက်ရှိနေထိုင်သူများမှ၃၁၁ သို့ ဖုန်းဆက်၍ လာယူပေးရန် စီစဉ်ထားနိုင်ပါသည်။အိတ်များကို ၃၁၁ သို့မခေါ်ဆိုမီ လူသွားလမ်းနှင့် ကားလမ်းကြား ထောင့်နေရာတွင် ထားရန်လိုအပ်ပါသည်။ထုပ်ပိုးထားသောသစ်ရွက်များလိုက်လံကောက်ယူခြင်းကိုရာသီဥတုအခြေအနေပေါ်မူတည် ကာ မြန်မြန်ဆန်ဆန် ၂၀၂၃ နှစ်ကုန်အထိ ဆောင်ရွက်သွားပါမည်။